## Basic and Advanced Excel သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

Basic and Advanced Excel သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၁၈-၁၂-၂၀၂၃ ရက်နေ့ နံနက် (၁၀:၀၀) နာရီ အချိန်တွင် ညွှန်ကြားရေးမှူးချုပ် ဦးထွန်းဇော်မှ တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါသည်။ အဆိုပါသင်တန်းကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့မှ ဒီဇင်ဘာလ ၂၂ ရက်နေ့အထိ (၅) ရက်ကြာ ဗဟိုစာရင်းအင်းအဖွဲ့၏ သင်တန်းခန်းမ၌ စစ်တမ်းများနှင့် စာရင်းအင်းဆိုင်ရာစံသတ်မှတ်ချက်များ လုပ်ငန်းအဖွဲ့တွင်ပါဝင်သည့် သက်ဆိုင်ရာဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများအား သင်ကြားပို့ချမည်ဖြစ်ပါသည်။

**သင်တန်းဖွင့်လှစ်ရသည့် အဓိကရည်ရွယ်ချက်များမှာ-**

သင်တန်းသား/သူများအနေဖြင့် စာရင်းအင်းဆိုင်ရာကိန်းဂဏန်းများအား ခွဲခြမ်းစိတ်ဖြာစိစစ်ရာတွင် Excel တွင် ပါဝင်သည့် Data Function များကို အသုံးပြု၍ ညွှန်ကိန်းများ တွက်ချက်ခြင်း၊ စံပြုသင်္ကေတများ သတ်မှတ်ခြင်း၊ စုစည်းထိန်းသိမ်းထုတ်ပြန်ခြင်းစသည့် နည်းလမ်းများကို စနစ်တကျဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပါသည်။

**သင်ကြားပို့ချမည့် ဘာသာရပ်ဆိုင်ရာများမှာ-**

Microsoft Excel ၏ Function များ၊ Formula များကိုအသုံးပြုခြင်း၊ Pivot data များကို Sorting/ Filter ပြုလုပ်ခြင်း၊ Database များ နှင့် CSV ဖိုင်များစသည့် ရင်းမြစ်အမျိုးမျိုးမှ Data များကို အလွယ်တကူ Import ပြုလုပ်၍ Data များကို စုစည်းပြီး စီမံခန့်ခွဲခြင်း၊ Statistical Data Analysis အစီရင်ခံစာတွင် ကိန်းဂဏန်းစာရင်းဇယားများနှင့် ဂရပ်များကိုဖော်ပြရာတွင် Excel ကို အသုံးပြုခြင်း စသည်တို့ကို သင်ကြားပို့ချမည်ဖြစ်ပါသည်။

အဆိုပါသင်တန်းသို့ စစ်တမ်းများနှင့် စာရင်းအင်းဆိုင်ရာစံသတ်မှတ်ချက်များ လုပ်ငန်းအဖွဲ့တွင်ပါဝင်သည့် သက်ဆိုင်ရာဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း (၂၇) ဦး တက်ရောက်ကြမည်ဖြစ်ပါသည်။